# သခင်အုန်းမြင့်နာရေး လုပ်ဖော်ကိုင်ဘက်တွေ ပို့ဆောင်

သတင်းရင်းမြစ် > မြင့်မောင်
တနင်္ဂနွေနေ့၊ စက်တင်ဘာလ ၁၉ ရက် ၂၀၁၀ ခုနှစ် ၂၀ နာရီ ၅၀ မိနစ်

---

နယူးဒေလီ (မဇ္ဈိမ) ။ ။ ယခုလ ၁၇ ရက်က ကွယ်လွန်သူ ဝါရင့်နိုင်ငံရေးသမားကြီး သခင်အုန်းမြင့် (၉၃ နှစ်)ကို ယနေ့ ညနေ ၄ နာရီက ရန်ကုန် ရေဝေးသုသာန်၌ □မီးသဂြိုဟ်ခဲ့သည်။


"လိုက်ပို့ကြတဲ့သူတွေ အများကြီးပဲ။ ဝါရင့်နိုင်ငံရေးအဖွဲ့က လူတွေ၊ တိုင်းရင်းသား ခေါင်းဆောင်တွေ၊ အဖွဲ့ချုပ်က လူငယ်တွေရော၊ လူကြီးတွေရော□လာပို့ကြပါတယ်။ အဖေရဲ့ လုပ်ဖော်ကိုင်ဘက်တွေ တော်တော်များများ လာကြပါတယ်" ဟု သားဖြစ်သူ ဦးငွေအောင်က မဇ္ဈိမကို ပြောသည်။

NLD ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးလှဖေ၊ ဦးသန်းထွန်း၊ ဦးအုန်းကြိုင် အပါအဝင် ဗဟိုအလုပ်အမှုဆောင်နှင့် ဗဟိုကော်မတီဝင်များ၊ အဖွဲ့ချုပ် အမျိုးသမီးများ၊ ကျောင်းသားလူငယ်များ၊ ဝါရင့်နိုင်ငံရေးသမားများအပြင် လွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPP) အတွင်းရေးမှူး ဦးအေးသာအောင်၊ ပူးကျင့်ရှင်းထန် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ စာပေသမားများ လိုက်ပါပို့ဆောင်ကြသည်။

နေအိမ်တွင် အထိန်းသိမ်းခံနေရသည့် NLD အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊□ သုံးရောင်ခြယ်နှင့် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့စသည့် နိုင်ငံရေးအသိုင်းအဝိုင်းက လွမ်းသူ့ပန်းခွေများ ပေးပို့ကြသည်။

သခင်အုန်းမြင့်နာရေး လုပ်ဖော်ကိုင်ဘက်တွေ ပို့ဆောင်

သတင်းရင်းမြစ် > မြင့်မောင်
တနင်္ဂနွေနေ့၊ စက်တင်ဘာလ ၁၉ ရက် ၂၀၁၀ ခုနှစ် ၂၀ နာရီ ၅၀ မိနစ်

